# ထိုင်း - မြန်မာနိုင်ငံ
# နယ်စပ်ဖြတ်ကျော်ရေးသတင်းပြန်တမ်း

အမှတ်စဉ် (၇)
ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်



**အသက်မွေးဝမ်းကျောင်းလုပ်ငန်းများထောက်ပံ့မှု**
ကယားပြည်နယ်

**တံတားများဆောက်လုပ်ခြင်း**
မွန်ပြည်နယ်

**ကလေးမွေးစာရင်းလက်မှတ်တေးသီချင်းပြိုင်ပွဲ**
မယ်လဒုက္ခသည်စခန်း

**လူငယ်အသင်း၏ရည်မှန်းချက်များ**
ဘန်မိုင်နိုင်းစွယ်ဒုက္ခသည်စခန်း

**ရှေ့သို့ဆက်လက်ဆောင်ရွက်လျက်**
(UNHCR)ကာကွယ်ရေးအရာရှိ
မဲ့စရီးယန်း - ထိုင်းနိုင်ငံ

## သီးသန့်တွေ့ဆုံမေးမြန်းခြင်း

သိက္ခာတော်ရဆရာရောဘတ်ထွေး
ကရင်ဒုက္ခသည်ကော်မတီဥက္ကဋ္ဌ

© UNHCR/K.Park ©

UNHCR
The UN Refugee Agency



© UNHCR

# လူထုအခြေစိုက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပံ့ပိုးကူညီမှု ကယားပြည်နယ်၌ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူများနှင့်ဒုက္ခသည်များပြန်လည်အခြေချနေထိုင်ခြင်း

ဒေါ်မိုးမယ်သည်ကယားပြည်နယ်၊ဒီမောဆိုးမြို့နယ်ရှိဒေါ်ငေးခုကျေးရွာတွင်သူမ၏ကလေး(၄)ယောက်နှင့်အတူနေထိုင်သည့်အိမ်ထောင်ရှင်မတစ်ဦးဖြစ်သည်။ သူမ၏ကလေးသုံးဦးကျောင်းတက်နေစဉ်တွင်အငယ်ဆုံးနို့စို့ကလေးမှာကြည့်ရှုစောင့်ရှောက်မှုလိုအပ်နေဆဲဖြစ်သည်၊ထို့ကြောင့်ဤစီမံကိန်းမစတင်မီအချိန်က သူမ၏အမျိုးသားကိုပံ့ပိုးကူညီပေးရန်နှင့်မိသားစုဝင်ငွေကိုတဖက်တလမ်းမှဖြည့်စွက်ပေးရန်အတွက်သူမအလုပ်မလုပ်နိုင်ခဲ့ပေ။သူမအမျိုးသား၏ပဲနှင့်နှမ်းစိုက်ခြင်းမှရရှိလာသောမစို့စပို့ဝင်ငွေပေါ်တွင်သာမိသားစုတစ်စုလုံးမှီခိုအားထားနေခဲ့ရသည်။

သို့သော်လည်းဤတစ်ခုတည်းနှင့်မိသားစု၏နေ့စဉ်အခြေခံလိုအပ်ချက်များကိုလုံလောက်မှုမရှိစေခဲ့ပေ၊ ဒေါ်မိုးမယ်သည်နောက်တနေ့အစားအစာစားဖို့သောက်ဖို့အတွက်ဒေသတွင်းဈေးသည်များထံကချေးငှားရုံမှတပါးအခြားရွေးချယ်စရာလမ်းမရှိခဲ့ပေ၊ထိုအချိန်တွင်အစားအစာအတွက်ငွေကြေးမပေးနိုင်သောကြောင့်မိသားစုသည်နေ့စဉ်အကြွေးသံသရာထဲတွင်နစ်နေခဲ့ပြီးရှင်သန်နေထိုင်ဖို့အရေးသည်အလွန်ပင်ခက်ခဲနေသည်။သို့သော်လည်း UNHCR နှင့် the Danish, Refugee Council (DRC DDG) တို့မှအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အသက်မွေးဝမ်းကျောင်းစီမံကိန်းသစ်တစ်ခု၏ကျေးဇူးကြောင့်ဒေါ်မိုးမယ်သည်ကုန်စုံဆိုင်ငယ်စီးပွားရေးတစ်ခုထူထောင်ရန်အတွက်ပံ့ပိုးကူညီမှုကိုလက်ခံရရှိခဲ့ပြီးသူမ၏မိသားစုဝင်ငွေအဆင့်အတန်းသိသာထင်ရှားစွာတိုးတက်ကောင်းမွန်လာကာစားရေးသောက်ရေးအခြေအနေအာမခံချက်တိုးတက်လာသည်။

ဒေါ်မိုးမယ်သည်အလုပ်ကိုအမှန်တကယ်ကြိုးစားလုပ်ကိုင်သည်။ DRC DDG အသက်မွေးဝမ်းကျောင်းမှုအဖွဲ့ထံမှမြန်မာငွေကျပ်တစ်သိန်းခွဲ(၁၅၀၀၀၀)လက်ခံရရှိခြင်းအားဖြင့်သူမသည်မိသားစုနေအိမ်တွင်ပင်ကုန်စုံဆိုင်ငယ်တစ်ဆိုင်တည်နိုင်ခဲ့ပြီးယခုအခါနေ့စဉ်တနေ့လျှင်မြန်မာငွေကျပ်ငါးထောင်(၅၀၀၀)မှတစ်သောင်း(၁၀၀၀၀)အတွင်းရရှိသည့်နေ့စဉ်ပုံမှန်ဝင်ငွေဖြင့်လည်ပတ်နေပြီဖြစ်သည်။ ဤသို့ဝင်ငွေလည်ပတ်နိုင်ခြင်းအားဖြင့်သူမ၏မိသားစုကိုကျွေးမွေးနိုင်ရုံသာမကဆိုင်တွင်ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာသည်။ သူမသည်နောက်ထပ်အလုပ်ချဲ့ထွင်ရန်အတွက်ဝက်သားဖောက်ခြင်းအလုပ်ကိုလည်းယခုအခါလုပ်ကိုင်ရန်ကြိုးပမ်းနေပြီးဝက်မတစ်ကောင်ဝယ်ထားပြီဖြစ်သည်။

ယခုအခါဒေါ်မိုးမယ်ရှာဖွေသည့်ဝင်ငွေသည်မိသားစုနေ့စဉ်စားရေးသောက်ရေးအတွက်အကူအညီရရှိရုံသာမကကလေးများ၏ပညာရေးဆိုင်ရာလိုအပ်ချက်များကိုပါအလွန်ပင်အကူအညီပေးနိုင်သည်ကိုသက်သေပြလျှက်ရှိသည်။

ဒေါ်မိုးမယ်သည်သူမ၏မိသားစုအားနောက်တစ်နေ့အတွက်မည်သို့မည်ပုံရှာဖွေကျွေးမွေးရမည်ဆိုသည်ကိုပူပင်စရာမလိုတော့ပေ၊ သူမသည်သူမ၏မိသားစုဘဝကိုနှစ်ခြိုက်ပျော်ရွှင်နိုင်ပြီဖြစ်ပြီးပုံမှန်စီးပွားရေးတစ်ခုလည်ပတ်နိုင်ပြီဖြစ်သည်။သူမ၏စိတ်ကူးအိမ်မက်သည်တနေ့နေ့တချိန်ချိန်တွင်ဒေါ်ငေးခုကျေးရွာ၌ကုန်စုံဆိုင်ကြီးတစ်ဆိုင်ပိုင်ဆိုင်သည့်ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်လာရန်ဖြစ်သည်။

အသက်(၄၆)နှစ်အရွယ်ရှိဦးစူးရယ်သည်မိသားစုမရှိသည့်အိမ်ထောင်မရှိလူလွတ်တစ်ဦးဖြစ်ပြီးကယားပြည်နယ်၊ဒီမောဆိုးမြို့နယ်ရှိဒေါ်တမာကြီးရွာတွင်ပုံမှန်ဝင်ငွေမရှိသဖြင့်ဝမ်းရေးဖူလုံရုံမျှသာနေထိုင်စားသောက်နေရသူတစ်ဦးဖြစ်သည်။ UNHCR နှင့် the Danish Refugee Council (DRC DDG) တို့ထံမှအသက်မွေးဝမ်းကျောင်းဆိုင်ရာကူညီပံ့ပိုးမှုများလက်ခံမရရှိမီကြုံရာကျပန်းအလုပ်သမားအလုပ်နှင့်စိုက်ပျိုးရေးအလုပ်တို့မှတဆင့်ဦးစူးရယ်ရှာဖွေရရှိသည့်ဝင်ငွေသည်သူ၏နေ့စဉ်ရှင်သန်နေထိုင်မှုအတွက်လုံလောက်ရုံမျှသာဖြစ်ခဲ့သည်။သူ့တွင်ကိုယ်ပိုင်စိုက်ပျိုးရေးကိရိယာများမရှိဘဲအခြားသူများပိုင်ဆိုင်သည့်ကိရိယာများကိုငင်းတို့ထံမှငှားရမ်းအသုံးပြုရခြင်းအပေါ်တွင်သာအားကိုးနေရသည်၊ထိုသို့သာမပြုလုပ်ပါကသူသည်အလုပ်လုပ်ကိုင်နိုင်တော့မည်မဟုတ်ပဲဘဝရှင်သန်နေထိုင်မှုအတွက်အလွန်ပင်ခက်ခဲသွားမည်ဖြစ်သည်။

ဤစီမံကိန်း၏ကျေးဇူးကြောင့်ဦးစူးရယ်၏အသက်မွေးဝမ်းကျောင်းနှင့်အလုပ်အကိုင်ရွေးပိုင်ခွင့်များသည်သိသာထင်ရှားစွာတိုးတက်ကောင်းမွန်လာခဲ့သည်။

DRC DDG အသက်မွေးဝမ်းကျောင်းအဖွဲ့ထံမှစိုက်ပျိုးရေးအသိပညာပေးသင်တန်းများအပြင်စိုက်ပျိုးရေးကိရိယာများကိုပါလက်ခံရရှိခဲ့ခြင်းအားဖြင့်ကျပန်းအလုပ်သမားအလုပ်မှတဆင့်ပုံမှန်ဝင်ငွေရှာဖွေနိုင်ရုံသာမကထွန်ယက်စိုက်ပျိုးရန်အတွက်မြေကိုအဆင်သင့်ကြိုတင်ပြင်ဆင်နိုင်ပြီးငင်း၏ကိုယ်ပိုင်မြေကွက်ငယ်ပေါ်တွင်စိုက်ပျိုးရန်အတွက်စတင်လုပ်ကိုင်နိုင်ပြီဖြစ်သည်။

ဤကဲ့သို့သောစိုက်ပျိုးရေးသင်တန်းမျိုးကိုဦးစူးရယ်ပထမဦးဆုံးအကြိမ်လက်ခံရရှိခဲ့ခြင်းဖြစ်သည်၊ UNHCR နှင့်DRC DDG တို့၏ပံ့ပိုးကူညီပေးမှုဖြင့်ဦးစူးရယ်သည်နှမ်းမျိုးစေ့(၄၈)ခွက်ကိုစိုက်ပျိုးနိုင်ခဲ့ပြီးဇူလိုင်လအတွင်းကပင်အစေ့အိတ်(၆)အိတ်ကိုရိတ်သိမ်းခဲ့ပြီးပြီဖြစ်သည်၊သူမှဩဂုတ်လအတွင်းတွင်နောက်ထပ်(၄)အိတ်ပိုမိုရရှိရန်မျှော်မှန်းထားသည်။ ငင်း၏ဝင်ငွေတိုးလာခဲ့ခြင်းနှင့်အတူသူမှတစ်နှစ်လုံးအတွက်ဆန်အလုံအလောက်ဝယ်နိုင်လိမ့်မည်ဟုမျှော်လင့်နေသည်။



ဦးစူးရယ်(၄၆)နှစ်၊ စိုက်ပျိုးရေး
ဒီမောဆိုး ၊ ကယားပြည်နယ်

ကျွန်တော့်ကိုစိုက်ပျိုးရေးအတွက်အသုံးဝင်တဲ့ကိရိယာများနဲ့ဘဝအကျိုးရှိကျွမ်းကျင်မှုသင်တန်းတွေကိုကူညီထောက်ပံ့ပေးတဲ့ DRC နဲ့UNHCR တို့ကိုကျေးဇူးတင်ပါတယ်။

ဦးစူးရယ် ၊ ဩဂုတ်လ ၂၀၁၅ ခုနှစ်။



© UNHCR



© UNHCR/S. Law Eh

တံတားဆောက်လုပ်ရေးတွင်အထူးသဖြင့်ရွာတွင်းရှိအမျိုးသမီးများအားအလုပ်ခန့်ကြသည်။

# အခွင့်အလမ်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးမြှင့်ရရှိစေရန်အတွက်တံတားများဆောက်လုပ်ခြင်း

*၂၀၁၅ခုနှစ်၌အမေရိကန်ဒုက္ခသည်ကော်မတီ(ARC)နှင့်(UNHCR)တို့အတူတကွပူးပေါင်းဆောင်ရွက်ခဲ့သည့်တံတားဆောက်လုပ်ခြင်းစီမံကိန်းနောက်ဆက်တွဲအရ မွန်ပြည်နယ်၊သထုံမြို့နယ်ရှိနန်းကတုတ်ကျေးရွာတွင်နေထိုင်သူများသည်အကူအညီများနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခွင့်အလမ်းများတိုးတက်ရရှိလာမှုအပေါ်နှစ်သက်သဘောကျနေကြသည်။*

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတလျှောက်တွင်ရှိသည့်အိမ်နီးချင်းလူထုအသိုင်းအဝိုင်းများကဲ့သို့ပင်နန်းကတုတ်ကျေးရွာရှိပြည်သူများသည်တပ်မတော်နှင့်ကရင်အမျိုးသားအစည်းအရုံး(KNU)အတွင်းဖြစ်ပွားခဲ့သောလက်နက်ကိုင်တိုက်ပွဲပဋိပက္ခများ၏ခါးသီးသောအကျိုးဆက်များကိုရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ဆယ်စုနှစ်များကြာဖြစ်ပွားခဲ့သောတိုက်ပွဲများသည်လူအများအပြားအားငင်းတို့နေအိမ်များကိုနောက်တွင်ချန်ထားရစ်ထွက်ပြေးစေရန်အတင်းအကြပ်ဖိအားပေးခြင်းခံခဲ့ရပြီးတချို့မှာထိုင်းနယ်စပ်သို့ထွက်ပြေးခဲ့ကာတချို့မှာတခြားကျေးရွာများသို့ထွက်ပြေးခဲ့ကြသည်။

၂၀၁၁ခုနှစ်တွင်နန်းကတုတ်ကျေးရွာကိုနေရပ်ပြန်လာသူအနည်းငယ်နှင့်အတူပြန်လည်တည်ထောင်ခဲ့ပြီးယခုအခါကျေးရွာတွင်မိသားစု(၅၉)စုနေထိုင်နေပြီဖြစ်ကာစုစုပေါင်းလူဦးရေ(၃၀၀)ကျော်ရှိနေပြီဖြစ်သည်။နယ်မြေတွင်တိုက်ပွဲများပြီးဆုံးသွားသည်မှာကြာပြီဖြစ်သော်လည်းနေထိုင်သူများအတွက်အခက်အခဲများသိသာထင်ရှားစွာကျန်ရှိနေဆဲဖြစ်သည်။ကျေးရွာတည်ရှိရာနေရာသည်ဝေးလံခေါင်ဖျားသောနေရာတွင်တည်ရှိခြင်းနှင့်နယ်မြေမငြိမ်မသက်မှုများကြာရှည်စွာဖြစ်ပွားခဲ့ခြင်းတို့သည်နန်းကတုတ်ကျေးရွာ၏လူမှုစီးပွားရေးဘဝကိုအခြားနေရာများထက်နောက်ကျကျန်ရစ်စေခဲ့ပြီးပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အလမ်းများရရှိခြင်းသည်အဓိကစိန်ခေါ်မှုများဖြစ်နေသည်။

ထိုသူများအတွက်လူမှုအသိုင်းအဝိုင်းတွင်မိမိကိုယ်ကိုယုံကြည်မှုတိုးမြှင့်လာစေရန်နှင့်အခွင့်အလမ်းများတိုးတက်ကောင်းမွန်လာစေရန်အလို့ငှာ(ARC)နှင့်အတူလက်တွဲလုပ်ကိုင်နေသော UNHCR သည်နန်းကတုတ်ကျေးရွာတွင်အသက်မွေးမှုစီမံကိန်းတစ်ခုကိုစတင်ဆောင်ရွက်ရန်ဆုံးဖြတ်ချက်ချခဲ့သည်။လူထုအသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့်ဆွေးနွေးရာတွင်ကျေးရွာမှအခြားရွာများသို့မိုးရာသီအချိန်အတွင်းအသွားအလာအဝင်အထွက်ပြုလုပ်ရန်ခက်ခဲမှုရှိခြင်းသည်အဓိကအခက်အခဲဖြစ်ကြောင်းတွေ့ရှိခဲ့သည်။

မိုးရာသီတွင်အနီးအနားကျေးရွာများဖြစ်သည့်အင်းရွာနှင့်ကျောက်တောင်ရွာများတွင်ရှိသောဈေး၊ ကျန်းမာရေးဝန်ဆောင်မှုနှင့်အခြားလိုအပ်သည့်ပစ္စည်းများစသည်တို့ကိုရရှိရန်အတွက်ရွာအနီးတွင်ရှိသောချောင်းကိုဖြတ်သန်းသွားရန်တစ်ခုတည်းသောနည်းလမ်းသည်ရေကူး၍ဖြတ်သန်းရန်ပင်ဖြစ်သည်ဟုကျေးရွာတွင်နေထိုင်သူများကပြောပြခဲ့သည်။သွားရမည့်ခရီးလမ်းကြောင်းသည်အခက်အခဲရှိရုံသာမကဘေးကင်းလုံခြုံစိတ်ချမှုမရှိပေ။အမှန်တကယ်ပင်ရွာရှိကျောင်းသားများသည်မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ချောင်းတွင်ဖြတ်သန်းသွားလာရန်မဖြစ်နိုင်သောအခါအနီးအနားရှိရွာများတွင်တစ်ညတာနေခဲ့ကြရသည်။

လူထုထံမှရရှိလာသည့်တုံ့ပြန်မှုများနှင့်အတူဤတွန်းအားပေးမှုများကိုဖြေရှင်းရန်လိုအပ်သည့်အားလျော်စွာ UNHCR နှင့် ARC သည်ချောင်းကိုဖြတ်သန်းသည့်လူသွားလမ်းတံတားငယ်နှစ်စင်းဆောက်လုပ်ရန်ဆုံးဖြတ်ခဲ့သည်။ဒေသတွင်းအာဏာပိုင်များနှင့်တိုင်ပင်ဆွေးနွေးရာ၌ထောက်ခံကူညီမှုများအပါအဝင်လိုအပ်သည့်စီမံခန့်ခွဲမှုပိုင်းဆိုင်ရာကူညီမှုများကို (KNU) ကပံ့ပိုးကူညီပေးခဲ့သည်။တံတားဆောက်လုပ်ရေးကိုဧပြီလတွင်စတင်ခဲ့ပြီးချိန်ကိုက်ပင်မိုးရာသီဖြစ်သည့်ထိုနှစ်၂၀၁၅ခုနှစ်၊ဇွန်လတွင်ဆောက်လုပ်ပြီးစီးခဲ့သည်။

ရွာသူရွာသားများ၊အထူးသဖြင့်အမျိုးသမီးများအားတံတားဆောက်လုပ်ချိန်အတောအတွင်းတွင်နည်းပညာပိုင်းဆိုင်ရာမဟုတ်သည့်အလုပ်သမားများအဖြစ်အလုပ်ခန့်ပေးခဲ့သည်၊ငင်းတို့ရရှိသည့်လုပ်အားခသည်ဈေးကွက်ပေါက်ဈေးလုပ်အားခဝင်ငွေ၏အနည်းဆုံးအထက်ကိုရရှိခဲ့ကြသည်။တံတားဆောက်လုပ်ရန်အတွက်ပစ္စည်းများကိုဒေသတွင်းအနီးအနားတွင်သာဝယ်ယူဆောက်လုပ်ခဲ့သည်။

တံတားနှစ်စင်းဆောက်လုပ်ပြီးစီးသည့်အချိန်မှစ၍တိုးတက်သည့်အပြောင်းအလဲအများအပြားဖြစ်ပေါ်ခဲ့ကြောင်းနန်းကတုတ်ရွာသူရွာသားများကပြောပြခဲ့သည်။ကျေးရွာသည်ယခုအခါမိုးရာသီချိန်အတောအတွင်းတသီးတခြားဖြစ်ပြီးပိတ်မနေတော့ပေ၊ရွာတွင်နေထိုင်သူများသည်လည်းထိုမိုးရာသီကာလအတွင်းအခြားရွာများသို့ခရီးသွားလာနိုင်ပြီဖြစ်သည်၊ဈေး၊အလုပ်အကိုင်အခွင့်အလမ်းများနှင့်ကျန်းမာရေးဝန်ဆောင်မှုများကဲ့သို့သောအခြေခံဝန်ဆောင်မှုများစသည်တို့ကိုရရှိခြင်းအားဖြင့်တိုးတက်ကောင်းမွန်သည့်ရလဒ်များရရှိနေကြသည်။

အကောင်းဆုံးမှာကလေးများသည်ရာသီအလိုက်မိုးရွာခြင်းနှင့်ရေကြီးခြင်းများဖြစ်ပေါ်လာသောအခါစာသင်ကျောင်းမှနေအိမ်သို့ပြန်ရန်အတွက်စိုးရိမ်ပူပန်စရာမလိုတော့ပေ၊ကျောင်းထွက်နိုင်စရာအလားအလာများလျော့နည်းသွားသည်။

စီမံကိန်းတည်တံ့ခိုင်မြဲမှုရှိစေဖို့သေချာစေရန်အတွက်ငင်းတို့ကိုယ်တိုင်ဤစီမံကိန်းတွင်အင်တိုက်အားတိုက်ပါဝင်ခဲ့ကြသည်၊နန်းကတုတ်ရွာသူရွာသားများသည်ပိုမိုကောင်းမွန်သောအနာဂတ်တစ်ခုရရှိစေရန်အလို့ငှာမျှော်လင့်ချက်ဖြင့်တံတားများ၏တာဝန်ကိုအပြည့်အဝယူလျက်ရှိကြသည်။

American Refugee Committee

# မွေးစာရင်းလက်မှတ်အတွက်တေးသီချင်းသီဆိုခြင်း



© UNHCR/J. Ferguson ©

စောဟနိ၊ အသက်(၁၉)နှစ်၊မယ်လစခန်းတွင်နေထိုင်သူဖြစ်ပြီးတေးသီချင်းသီဆိုမှုပြိုင်ပွဲတွင်အနိုင်ရရှိသူလည်းဖြစ်သည်။

ကလေးမွေးစာရင်းလက်မှတ်သည်ကလေးတစ်ယောက်အားနိုင်ငံသားတစ်ဦးဖြစ်ကြောင်းသက်သေပြနိုင်ရန်အတွက်အလွန်အရေးကြီးသောစာရွက်စာတမ်းတစ်ခုဖြစ်ပြီးၤင်းအားပထမဦးဆုံးအကြိမ်တရားဝင်အသိအမှတ်ပြုသည့်အထောက်အထားတစ်ခုလည်းဖြစ်သည်။၂၀၁၀ခုနှစ်စက်တင်ဘာလအစပိုင်းမှစ၍ထိုင်းနိုင်ငံပြည်သူ့စာရင်းသွင်းခြင်းအက်ဥပဒေအရထိုင်းနိုင်ငံ၌မွေးဖွားသောကလေးအားလုံးသည်ၤင်းတို့၏မိဘများကထိုင်းနိုင်ငံသားမဟုတ်သည့်တိုင်အောင်မွေးစာရင်းသွင်းခွင့်ရှိသည်။

UNHCR သည်ကလေးမွေးစာရင်းနှင့်ပတ်သတ်၍သတင်းအချက်အလက်စည်းရုံးရေးဆင်းသည့်ကမ်းပိန်းများကိုပစ်မှတ်ထားကာသတင်းအချက်အလက်များဖြန့်ဝေပေးခြင်းအားဖြင့်မွေးစာရင်းမရှိသည့်ဒုက္ခသည်ကလေးအရေအတွက်လျော့နည်းသွားစေရန်ကြိုးပမ်းအားထုတ်ခဲ့သည်။၂၀၁၀ခုနှစ်မှစ၍ဒုက္ခသည်ကလေးသူငယ်(၁၂၀၀၀)သည်မွေးစာရင်းလက်မှတ်ရရှိခဲ့ပြီး၂၀၁၅ ခုနှစ်တွင်မွေးစာရင်းလက်မှတ်(၁၇၅၈)ထုတ်ပေးနိုင်ခဲ့သည်။ များမကြာမီကပင်မွေးစာရင်းလက်မှတ်အရေးပါပုံနှင့်ပတ်သတ်၍အသိပညာများတိုးပွားလာစေရန်အလို့ငှာတေးသီချင်းသီဆိုမှုပြိုင်ပွဲတစ်ရပ်ကျင်းပရန်အတွက် UNHCR မှပံ့ပိုးကူညီပေးသည့်အဖွဲ့တစ်ဖွဲ့ဖြစ်သောမယ်လစခန်းတွင်နေထိုင်သူဒုက္ခသည်စေတနာ့ဝန်ထမ်းများဖြင့်ဖွဲ့စည်းထားသည့်လူထုဆက်သွယ်ရေးကွန်ယက်အဖွဲ့ (CCN)နှင့်အတူ UNHCR မှအတူပူးပေါင်းဆောင်ရွက်ခဲ့သည်။

“ဒါကနေရာအားလုံးမှာသိသာထင်ရှားစွာအရေးပါပါတယ်” သင့်မှာမွေးစာရင်းသွင်းခြင်းမရှိခဲ့ရင်သင်မည်သူမည်ဝါဖြစ်ကြောင်းအထောက်အထားကိုသင်သိရှိမှာမဟုတ်တော့ဘူး၊ ခရီးသွားတာအပါအဝင်ဘယ်နေရာမှာပဲဖြစ်ဖြစ်သင်အခက်အခဲအခြေအနေတွေကြုံတွေ့ရပါလိမ့်မယ် ” စောဟနိး

ပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်သူများအားလူသားအားလုံး၏ဘဝများ၌မွေးစာရင်းလက်မှတ်ပါဝင်မှုအရေးပါပုံကဏ္ဍကိုဖော်ပြသည့်သီချင်းကိုရေးသားယှဉ်ပြိုင်စေခဲ့သည်။ကိုယ်ပိုင်သံစဉ်သီချင်းကိုကရင်၊မြန်မာနှစ်ဘာသာစလုံးဖြင့်လက်ခံခဲ့သည်၊သီချင်းရေးစပ်သီကုံးမှုအတွက်သတ်မှတ်ထားသည့်အချိန်ကာလ(ရက်သတ္တပတ်၂ ပတ်မျှ)သည်တိုတောင်းလှသော်လည်းဖျော်ဖြေပွဲတွင်တစ်ဦးချင်းယှဉ်ပြိုင်သူ(၇)ဦးနှင့်အဖွဲ့လိုက်ယှဉ်ပြိုင်မှုများရှိခဲ့သည်။

“ဒီလိုပညာပေးလှုပ်ရှားမှုမျိုးကိုဒုက္ခသည်မိဘတိုင်းအတွက်လိုအပ်ပါတယ်” ဟုကရင်ဒုက္ခသည်ကော်မတီ၏ဒုတိယဥက္ကဋ္ဌဖြစ်သူအန်ကယ် George မှ UNHCR ထံသို့အတိုချုပ်ပေးပို့ခဲ့သည့်အီးမေးလ်ထဲတွင်ပြောကြားခဲ့သည်။“တချို့မိသားစုတွေကဒါဟာသူတို့ကလေးတွေအနာဂတ်အတွက်ဘယ်လောက်အရေးကြီးတယ်ဆိုတာကိုနားလည်သဘောမပေါက်ကြဘူး။”

“ဒါကနေရာအားလုံးမှာသိသာထင်ရှားစွာအရေးပါပါတယ်” ဟုသီချင်းပြိုင်ပွဲတွင်အနိုင်ရရှိခဲ့သူတစ်ဦးဖြစ်ပြီးမယ်လစခန်းတွင်နေထိုင်သူလည်းဖြစ်သည့်ဟနိး(၁၉)နှစ်ကပြောခဲ့သည်။“သင့်မှာမွေးစာရင်းသွင်းခြင်းမရှိခဲ့ရင်သင်မည်သူမည်ဝါဖြစ်ကြောင်းအထောက်အထားကိုသင်သိရှိမှာမဟုတ်တော့ဘူး။သင်ရွှေ့ပြောင်းသွားလာရာမှာပဲဖြစ်ဖြစ်၊ခရီးသွားရာမှာပဲဖြစ်ဖြစ်အခက်အခဲအခြေအနေတွေနဲ့သင်ရင်ဆိုင်ရမှာပဲ။”

မွေးစာရင်းသွင်းခြင်းသည်ဒုက္ခသည်ကလေးတစ်ဦးအပေါ်နိုင်ငံသားအဖြစ်ပေးအပ်ခြင်းမဟုတ်ပေ။ သို့သော်လည်းဒုက္ခသည်တစ်ဦးသည်မည်သည့်နေရာတွင်မွေးဖွားခဲ့သည်၊သူ(သို့)သူမ၏မိဘများသည်မည်သူမည်ဝါဖြစ်သည်ဆိုသည်ကိုတရားဝင်မှတ်တမ်းတင်ခြင်းအားဖြင့်နောက်ဆုံးတွင်သူ(သို့)သူမမှနေရပ်ရင်းသို့ပြန်လည်အခြေချသောအခါတစ်စုံတစ်ဦးမှနိုင်ငံသားအဖြစ်ရရှိရန်လိုအပ်လာပါကမွေးစာရင်းစာရွက်သည်သက်သေပြနိုင်ရန်အတွက်အဓိကနည်းလမ်းပင်ဖြစ်သည်။

“အခမ်းအနားမှာလာရောက်ပါဝင်ကြသူတွေအပါအဝင်ပြိုင်ပွဲမှာပါဝင်ယှဉ်ပြိုင်တဲ့သူတွေ၊လာရောက်နားဆင်တဲ့သူတွေအားလုံးကသတင်းအချက်အလက်တွေကိုကြားသိရမှာဖြစ်ပြီးအခြားသူတွေကိုဝေမျှပေးပါလိမ့်မယ်” ဟုပြိုင်ပွဲတွင်တတိယဆုရရှိခဲ့သောမယ်လစခန်းတွင်နေထိုင်သူတစ်ဦးဖြစ်သည့်အသက်(၂၀)အရွယ်ရှိမိုမို့ကပြောခဲ့သည်။ “ဒီအစီအစဉ်ဟာလူထုအသိုင်းအဝိုင်းအတွက်အကျိုးရှိလိမ့်မယ်လို့ကျွန်မပြောနိုင်ပါတယ်။ ”

ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်တွင်နေထိုင်ကြသည့်ဒုက္ခသည်အသိုင်းအဝိုင်းတွင်ကျယ်ကျယ်ပြန့်ပြန့်အသံလွှင့်နိုင်ရန်အတွက်၂၀၁၆ ခုနှစ်တွင်မူရင်းသီချင်းအားအသံသွင်းရန်အခြားအဖွဲ့အစည်းများနှင့်အတူUNHCR မှလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်သည်။

# သီးသန့်တွေ့ဆုံမေးမြန်းခြင်း

**သိက္ခာတော်ရဆရာရောဘတ်ထွေး**
**ကရင်ဒုက္ခသည်ကော်မတီဥက္ကဌ**



"အခက်အခဲပြဿနာတွေနဲ့ရင်ဆိုင်ကြုံတွေ့နေရတဲ့ကျွန်တော့်ရဲ့
လူမျိုးတွေကိုကျွန်တော်မကူညီခဲ့ရင်ကျွန်တော်ကျေနပ်ပျော်ရွှင်
နိုင်မှာမဟုတ်ပါဘူး…ပိုမိုကောင်းမွန်တဲ့အနာဂတ်ကိုရရှိဖို့အတွက်
ကျွန်တော်တို့အတူတကွလက်တွဲလုပ်ဆောင်ဖို့၊ တစ်ဦးကိုတစ်ဦး
ယုံကြည်စိတ်ချမှုရှိဖို့နဲ့ကိုယ်တိုင်အပ်နှံဆောင်ရွက်ဖို့လိုပါတယ်။"

© UNHCR/E. Phongchoungeon

သိက္ခာတော်ရဆရာရောဘတ်ထွေးသည်ကရင်ဒုက္ခသည်လူမှုအသိုင်းအဝိုင်းအတွက်နှစ်ပေါင်း(၄၀)ထက်မကဘဝကိုနှစ်မြှုပ်လုပ်ဆောင်ခဲ့သည်။သူ၏ခိုင်မာသောယုံကြည်မှုနှင့်စိတ်ဓါတ်ကြံ့ခိုင်မှုတို့ကြောင့်အိုးမဲ့အိမ်မဲ့စွန့်ပစ်ခံရသည့်ကရင်လူမျိုးများအားကူညီရန်အတွက်ခဲယဉ်းသောနေ့ရက်များနှင့်အတားအဆီးအနှောင့်အယှက်များစွာကိုကျော်လွှားလာခဲ့ရသည်။အသက်(၇၄)နှစ်ရှိသော်လည်းယနေ့ထိတိုင်သူသည်လူမှုအသိုင်းအဝိုင်းအတွက်ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

**သိက္ခာတော်ရဆရာရောဘတ်၊ ဒီနေ့ကျွန်တော်တို့ကိုတွေ့ခွင့်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်၊**
**ကျွန်တော်တို့စာဖတ်သူများအတွက်ဆရာအကြောင်းကိုဆရာကိုယ်တိုင်မိတ်ဆက်ပေးပါအုံး။**

ကျွန်တော့်ကိုမြန်မာနိုင်ငံ၊မြစ်ဝကျွန်းပေါ်ဒေသ၊ငပုတောမြို့နယ်၊ဂုံးကလေးကျေးရွာမှာ၁၉၄၁ခုနှစ်၊ဒီဇင်ဘာလမှာမွေးဖွားခဲ့ပါတယ်။ ကျွန်တော့်မိဘများကကျွန်တော့်ကိုရောဘတ်ထွေးလို့အမည်မှည့်ခဲ့တယ်။ ကျွန်တော်အလယ်တန်းကျောင်းအောင်ပြီးတဲ့နောက်ကျွန်တော်ကျမ်းစာကျောင်းတက်ဖို့အတွက်ရန်ကုန်ရှိအင်းစိန်မြို့နယ်ကိုသွားရောက်ခဲ့ပြီး ၁၉၆၄ ခုနှစ်မှာပညာသင်ကြားမှုပြီးစီးခဲ့ပါတယ်။ အဲ့ဒီနောက်ကျွန်တော့်ရွာကိုပြန်ခဲ့ပြီးသာသနာ့အမှုတော်ဆောင်လုပ်ငန်းကိုစတင်လုပ်ကိုင်ခဲ့ပါတယ်။အမှုတော်ဆောင်သူတဦးအဖြစ်နေရာတော်တော်များများကိုလှည့်လည်သွားလာခဲ့ပြီးနယ်စပ်ဒေသရောက်သည့်အထိတိုင်အောင်အမှုတော်ဆောင်ခဲ့ပါတယ်။
၁၉၇၅ ခုနှစ်မှာတိုက်ပွဲတွေကြောင့်ကရင်လူမျိုးအများအပြားထွက်ပြေးလာတာကိုကျွန်တော်တွေ့ခဲ့ရတယ်။အဲ့အချိန်တုန်းက NGO လဲမရှိခဲ့ဘူး၊ဒါကြောင့်သာသနာ့ခေါင်းဆောင်များနဲ့ကရင်အမျိုးသားအစည်းအရုံး(KNU)ကနိုင်ငံရပ်ခြားမှာရှိတဲ့ဘုရားကျောင်းတွေကိုဆက်သွယ်ပြီးအကူအညီတောင်းဖို့အတွက်ကျွန်တော့်ကိုဆုံချက်တစ်ခုအနေနဲ့တာဝန်ခန့်အပ်ခဲ့ပါတယ်။အဲ့ဒီအချိန်မှာခန့်မှန်းခြေအားဖြင့်လူနှစ်ထောင်နီးပါးအတွက်အကူအညီပေးဖို့ကျွန်တော်စီမံခန့်ခွဲခဲ့ရပြီး ၁၉၈၃ ခုနှစ်အထိသူတို့ကိုပံ့ပိုးကူညီပေးနိုင်ခဲ့တယ်။

**KRC ဥက္ကဌတစ်ယောက်အနေနဲ့ဆရာ့ရဲ့အဓိကတာဝန်ဝတ္တရားတွေကဘာတွေဖြစ်ပါသလဲ။**

ကျွန်တော့်ရဲ့အလုပ်ကတော့တိုက်ပွဲတွေကြောင့်ထွက်ပြေးလာပြီးထိုင်းနိုင်ငံမှာနေထိုင်ဖို့ရောက်ရှိလာခဲ့တဲ့ကျွန်တော့်ရဲ့ကရင်လူမျိုးတွေကိုအကူအညီပေးဖို့ပါပဲ။နယ်စပ်နှစ်ဘက်စလုံးမှာရှိတဲ့အစိုးရတာဝန်ရှိသူတွေနဲ့ကျွန်တော်ဆွေးနွေးတယ်။ UNHCR ၊ NGOs နဲ့အခြားလူသားချင်းစာနာထောက်ထားတဲ့အဖွဲ့အစည်းတွေနဲ့တွေ့ဆုံပြီးအကူအညီတွေရရှိဖို့အတွက်ထောက်ပံ့မှုနဲ့စီမံခန့်ခွဲမှုတွေပေးဖို့တောင်းဆိုပါတယ်။သူတို့နေရပ်ရင်းကိုပြန်လည်အခြေချတဲ့နေ့ရောက်တဲ့တိုင်အောင်သူတို့ကိုပံ့ပိုးကူညီဖို့အတွက်ကျွန်တော့်တာဝန်ကိုဆက်လက်ထမ်းဆောင်နေမှာပါ။

**ဒုက္ခသည်လူထုအတွက်လုပ်ဆောင်ဖို့ဘယ်အရာတွေကဆရာ့ရဲ့စိတ်ကိုလှုံ့ဆော်ခဲ့ပါသလဲ။**

အခက်အခဲပြဿနာတွေနဲ့ရင်ဆိုင်ကြုံတွေ့နေရတဲ့ကျွန်တော့်ရဲ့လူမျိုးတွေကိုကျွန်တော်မကူညီခဲ့ဘူးဆိုရင်ကျွန်တော်ကျေနပ်ပျော်ရွှင်နိုင်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ဒုက္ခသည်အသိုင်းအဝိုင်းထိုင်းနိုင်ငံမှာလုံခြုံစိတ်ချစွာနေထိုင်နိုင်တာဟာကျွန်တော်တို့ကူညီမှုကနေတဆင့်သူတို့ပံ့ပိုးမှုအများအပြားနဲ့အကူအညီအများအပြားကိုလက်ခံရရှိနေတာကြောင့်ပါပဲ။

**မည်သည့်အရာကဆရာ့ဘဝရဲ့အောင်မြင်မှုဖြစ်ပါသလဲ။**

ဒုက္ခသည်အကြောင်းအရာကိစ္စဟာကျွန်တော့်အတွက်အကြီးမားဆုံးစိုးရိမ်ပူပန်မှုတစ်ခုဖြစ်ပါတယ်။ ၁၉၈၄ခုနှစ်မှာဒုက္ခသည်အရေအတွက်တစ်သောင်းထိရောက်ရှိလာခဲ့ပြီး NGOs ၊ ဘုရားကျောင်းတွေဆီကရရှိတဲ့ကူညီထောက်ပံ့မှုတွေလုံလောက်မှုမရှိတော့လို KNUဆီကကူညီထောက်ပံ့မှုလည်းမရရှိတော့ပါဘူး၊ဒါကြောင့်ဒီလူထုကိုကျွန်တော်ကိုယ်တိုင်ကိုယ်ကျပံ့ပိုးကူညီပေးဖို့အတွက်အစားအစာနဲ့အကူအညီတွေရရှိအောင်ကျွန်တော်စီမံခန့်ခွဲခဲ့ပါတယ်။ဒီလိုကျွန်တော်ကိုယ်တိုင်ကူညီပေးခဲ့တာကြောင့်၁၉၈၄-၁၉၈၅ခုနှစ်အတွင်းမှာကြွေးမြီပမာဏအများအပြားကျွန်တော့်မှာတင်ခဲ့ရပါတယ်။
အဲ့အချိန်တုန်းကကျွန်တော့်အတွက်စိုးရိမ်ပူပန်စိတ်သောကဖြစ်ခဲ့ရပြီးညဘက်လဲအိပ်လို့မရနိုင်ခဲ့ပါဘူး၊ဘာကြောင့်လဲဆိုတော့ကျွန်တော့်ဘဝမှာဒီလောက်များပြားတဲ့ပမာဏရှိတဲ့အကြွေးတွေတခါမှမတင်ခဲ့ဖူးလို့ပါပဲ ။ ဘာသာရေးခေါင်းဆောင်တစ်ယောက်အနေနဲ့ပြောမယ်ဆိုရင်ဘုရားသခင်ရဲ့လုပ်ရပ်ဟာလောကီလူသားတွေအတွက်နားမလည်နိုင်တဲ့အရာတစ်ခုလို့ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့်ကျွန်တော်ဆုတောင်းခြင်းဖြင့်နောက်ဆုံးမှာဘုရားသခင်ဟာကျွန်တော့်အပေါ်မှာကြည့်ရှုစောင်မခြင်းအားဖြင့်ကူညီပံ့ပိုးမှုတွေလက်ခံရရှိခဲ့ပြီးအရာအားလုံးကိုတဖြည်းဖြည်းနဲ့ဖြေရှင်းနိုင်ခဲ့ပြီးကြွေးမြီကင်းရှင်းခဲ့ပါတယ်။
 ဒီလိုခက်ခဲတဲ့အချိန်မျိုးကျွန်တော့်မှာရှိပေမယ့်လည်းကျွန်တော့်လူမျိုးတွေကိုကျွန်တော်ကူညီပေးနိုင်ခဲ့တဲ့အတွက်ကျွန်တော်အလွန်ကိုပဲဂုဏ်ယူမိပါတယ်၊ဒါဟာကျွန်တော့်ဘဝရဲ့အောင်မြင်မှုတစ်ခုလို့လည်းကျွန်တော်ပြောလို့ရနိုင်ပါတယ်။

**လူထုအသိုင်းအဝိုင်းများနဲ့သော်၎င်း၊ လုပ်ဖော်ကိုင်ဖက်များနဲ့သော်၎င်းအတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေချိန်တွေမှာမည်သည့်အရာတွေကဆရာ့ရဲ့အဓိကအလေးထားစရာတွေဖြစ်ပါသလဲ။**

လူထုအသိုင်းအဝိုင်းနဲ့သော်၎င်း ၊ လုပ်ဖော်ကိုင်ဖက်များနဲ့သော်၎င်းအတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်တဲ့အခါမှာအဓိကအလေးထားစရာကတော့နားလည်မှုပါပဲ။ နားလည်မှုကအဓိကအရေးအကြီးဆုံးအရာတစ်ခုဖြစ်တယ်လို့ကျွန်တော်ထင်ပါတယ်။ အခြားသူတွေနဲ့အတူအလုပ်လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာကျွန်တော်ဒီနားလည်မှုကိုအမြဲဦးစားပေးလုပ်ဆောင်ပါတယ်။ ကျွန်တော်တို့နားလည်မှုကောင်းကောင်းမရှိရင်ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်နိုင်မှာမဟုတ်သလိုကျွန်တော်တို့ရည်မှန်းချက်ပန်းတိုင်ကိုလည်းရောက်ရှိနိုင်မှာမဟုတ်ပါဘူး။

**မြန်မာနိုင်ငံရဲ့လက်ရှိအပြောင်းအလဲတွေနဲ့ပတ်သတ်ပြီးဆရာ့ရဲ့ထင်မြင်ချက်တွေကိုပြောပြပါအုံး။ ဒီအပြောင်းအလဲတွေကဆရာမျှော်လင့်ထားတဲ့အတိုင်းကိုက်ညီမှုရှိပါသလား။ဘယ်အရာတွေကိုပြီးမြောက်အောင်ဆောင်ရွက်ဖို့လိုပါသေးလဲ။**

မြန်မာစစ်တပ်နဲ့ KNU တို့အတွင်းဆယ်စုနှစ်များကြာတိုက်ပွဲတွေဖြစ်ပွားခဲ့ပြီးအခုအခါမှာတော့အခြေအနေတွေကမကြုံစဖူးပြောင်းလဲနေပါပြီ။ နောက်ဆုံးမှာတော့ဒါဟာကရင်လူထုအတွက်ငြိမ်းချမ်းရေးရရှိဖို့အတွက်ကောင်းတဲ့လက္ခဏာတစ်ရပ်ပါပဲ။ ဒါပေမယ့်နောက်ဆက်တွဲမေးခွန်းတစ်ခုအနေနဲ့ဒီငြိမ်းချမ်းရေးအတွက်ကျွန်တော်တို့ဘယ်လိုမျိုးရှေ့ဆက်လုပ်ကိုင်ဆောင်ရွက်သွားမလဲဆိုတာပါပဲ။



© UNHCR/E. Phongchourngeon

ကျွန်တော့်အထင်ကတော့ဒီအပြောင်းအလဲတွေဟာပိုမိုကောင်းမွန်ဖို့အတွက်ပါပဲ၊ ဒါပေမယ့်လည်းနောက်ထပ်ထိခိုက်နာကျင်မှုတစုံတရာပြန်လည်ဖြစ်မလာစေဖို့အတွက်ဂရုတစိုက်အသေအချာပြုလုပ်ဖို့အရေးကြီးပါတယ်။ ကျွန်တော်တို့ဒီတိုက်ပွဲတွေကြာရှည်စွာဖြစ်ပွားခဲ့တဲ့ဒဏ်ကိုခံခဲ့ရတာနဲ့တင်လုံလောက်နေပါပြီ၊ ထပ်မံဖြစ်ပွားမှာကိုကျွန်တော်မမြင်ချင်တော့ပါဘူး။

ဒီလိုဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုတိုက်ရိုက်ရောက်ရှိနိုင်ဖို့အတွက်ကျွန်တော်တို့ဘယ်လိုပြန်လည်ရပ်တည်မလဲဆိုတာကလည်းတကယ့်စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ကျွန်တော်တို့လူမျိုးတွေအပေါ်ထိခိုက်နစ်နာမှုမဖြစ်ပွားစေဖို့အတွက်ကျွန်တော်တို့သတိပြုရမှာဖြစ်ပြီးကျွန်တော်တို့သင့်သင့်မြတ်မြတ်နဲ့အတူတကွလုပ်ကိုင်ဆောင်ရွက်နေရမှာပါ။ ကျွန်တော်တို့ဒီအခွင့်အလမ်းကိုအဆုံးအရှုံးမခံသင့်ပါဘူး။

**အနာဂတ်မှာဆရာ့ရဲ့လူထုအတွက်ဆရာ့ရဲ့မျှော်လင့်ချက်ကဘာတွေဖြစ်မလဲ။**

နေရာအားလုံးမှာအဖွဲ့အစည်းတွေအားလုံးအကြားနှစ်ဦးနှစ်ဖက်အပြန်အလှန်နားလည်သဘောပေါက်ရရှိနိုင်လိမ့်မယ်လို့ကျွန်တော်မျှော်လင့်ပါတယ်။ ကျွန်တော်တို့နဲ့အတူလုပ်ကိုင်ဆောင်ရွက်နေတဲ့အခြားအဖွဲ့အစည်းတွေမှာသော်၎င်း၊ လူထုအသိုင်းအဝိုင်းကြားမှာသော်၎င်းကွာခြားမှုတွေရှိနေတာကိုကျွန်တော်မြင်တွေ့နေရတုန်းပါပဲ။ ဒီနှစ်ဦးနှစ်ဖက်အပြန်အလှန်နားလည်မှုကအလွန်ပဲအရေးကြီးပါတယ်။ ကျွန်တော်တို့ပိုမိုကောင်းမွန်စေတဲ့အနာဂတ်အတွက်အောင်အောင်မြင်မြင်နဲ့အရာအားလုံးကိုပြီးစီးအောင်လုပ်ဆောင်ချင်တယ်ဆိုရင်ကျွန်တော်တို့အတူတကွလက်တွဲလုပ်ဆောင်ဖို့၊ တစ်ဦးကိုတစ်ဦးယုံကြည်မှုရှိဖို့နဲ့ကျွန်တော်တို့ကိုယ်အနစ်နာခံဆောင်ရွက်ဖို့လိုပါ တယ်။

**ကျွန်တော်တို့စာဖတ်သူတွေကိုဆရာအနေနဲ့ဘာတွေဝေမျှချင်တာများရှိပါသေးသလဲ။**

စာဖတ်သူအားလုံးကိုကျွန်တော်ဝေမျှချင်တာကတော့လူတိုင်းလူတိုင်းဟာစကားချိုချိုပြောနိုင်ပေမယ့်လည်းအကျိုးရှိရှိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ကတော့မဆောင်ရွက်နိုင်ဘူးဆိုတာပါပဲ။ ဒီစကားချိုချိုတွေနဲ့ချည်းပဲနားမထောင်ပါနဲ့၊လူထုအတွက်ဘာတွေလုပ်ကိုင်ဆောင်ရွက်ပြီးပြီလဲဆိုတာကိုစဉ်းစားဆင်ခြင်သုံးသပ်ကြပါ ။ လက်တွေ့လုပ်ဆောင်တွေမှုမရှိပဲပြောပဲပြောနေခြင်းဟာအနာဂတ်အတွက်ကောင်းတဲ့အရာကိုလုပ်ဆောင်နိုင်မှာမဟုတ်ပါဘူး။

တွေ့ဆုံမေးမြန်းသူ -  စောအဲ့ဖိုး Phongchourngeon

Field Assistant, Information Management Unit,
UNHCR Mae Sot



## BMN စခန်းရှိလူငယ်လူရွယ်များဦးဆောင်သည့်လူငယ်ကလပ်အသင်းတစ်သင်းနှင့်လူငယ်ခေါင်းဆောင်တစ်ဦး၏ရည်မှန်းချက်

*“ကျွန်တော်မြန်မာနိုင်ငံကိုပြန်လည်အခြေချတဲ့အခါကိုယ့်တိုင်းပြည်မှာတစိမ်းတစ်ယောက်လိုမျိုးကျွန်တော်ခံစားရမယ်ထင်တယ်။ ဒါပေမယ့်လည်းဒါကအကြောင်းမဟုတ်ပါဘူး။ ဒီဘက်နဲ့ဟိုဘက်ပညာရေးနဲ့ပတ်သတ်လို့ကွာခြားမှုတွေကိုကျွန်တော်အများအပြားသင်ယူလေ့လာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာပညာရေးစနစ်တွေတိုးတက်ကောင်းမွန်စေဖို့အတွက်ဒီကဗဟုသုတတွေကိုကျွန်တော်အသုံးချချင်ပါတယ်။”*

သန်းထွန်းဦး
လူငယ်ခေါင်းဆောင်
ဘန်မိုင်နိုင်းစွယ်
မဲ့ဟောင်ဆောင်၊ ထိုင်းနိုင်ငံ

© UNHCR/N. Shah

လူငယ်ကလပ်အသင်းသည်ဘန်မိုင်နိုင်းစွယ်ယာယီစခန်း၌အသက်(၁၅နှစ်မှ၂၅နှစ်)အတွင်းရှိလူငယ်များဖြင့်ဖွဲ့စည်းထားသည့်ကရင်နီအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး COERR မှပံ့ပိုးကူညီပေးခဲ့သည်။ COERR မှ Black Jungle ဟုအမည်တွင်သည့်အကအဖွဲ့ထံသို့ချဉ်းကပ်ခဲ့ပြီးလူငယ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်အတွက်၎င်းတို့မှစိတ်ဝင်စားမှုရှိမရှိမေးမြန်းခဲ့ပြီးနောက်လူငယ်ကလပ်အသင်းကို၂၀၁၄ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့သည်။ Black Jungle အဖွဲ့သည်ဘုရင်မွေးနေ့(သို့)ဘုရင်မမွေးနေ့စသည်တို့ကဲ့သို့သောပွဲတော်များတွင်ဖျော်ဖြေတင်ဆက်ခဲ့ပြီး COERR မှ၎င်းတို့၏စွမ်းရည်ကိုသတိပြုမိခဲ့သည်။လူထုအသိုင်းအဝိုင်းတွင်လူငယ်များ၏လှုပ်ရှားမှုနှင့်ပူးပေါင်းပါဝင်မှုတိုးမြှင့်လာစေရန်အလို့ငှာလူငယ်အဖွဲ့တစ်ဖွဲ့ ဖွဲ့ဖို့စဉ်းစားရန်အတွက် Black Jungle အား COERR မှ တိုက်တွန်းခဲ့သည်၊စခန်းတွင်အကျိုးသက်ရောက်မှုအလားအလာအများအပြားရှိမည်ကိုသိမြင်ကာBlack Jungle မှလည်း၎င်းအခွင့်အရေးကိုသဘောတူညီခဲ့ပြီးခန့်မှန်းခြေအားဖြင့်အဖွဲ့ဝင်(၂၅)ဦးနှင့်အတူလူငယ်ကလပ်အသင်းကိုဖွဲ့စည်းခဲ့သည်။ယခုအခါလူငယ်ကလပ်အသင်းတွင်အဖွဲ့ဝင်(၁၆)ယောက်ဝန်းကျင်ရှိပြီးလူငယ်ခေါင်းဆောင်နှစ်ဦးရှိသည်၊သန်းထွန်းဦးသည် BTခေါင်းဆောင်အဖြစ်တာဝန်ယူပြီးလက်ရှိ၌ရပ်ကွက်(၁၄)စာသင်ကျောင်းတွင်ကျောင်းဆရာတစ်ဦးအဖြစ်လုပ်ကိုင်နေသည်၊ ဒီးရယ်သည် BK ခေါင်းဆောင်အဖြစ်တာဝန်ယူသည်။ ( BMN စခန်းအရွယ်အစားအရစခန်းအား BT နှင့် BK ဟူ၍ဇုန်(၂)ဇုန်ခွဲခြားထားသည်။

လူငယ်ကလပ်အသင်းသည်တစ်လတွင်နှစ်ကြိမ်တွေ့ဆုံပြီးလူထုအသိုင်းအဝိုင်းထဲရှိသက်ကြီးရွယ်အိုများ(သို့မဟုတ်)မသန်မစွမ်းများကိုကူညီပေးရန်အတွက်ကနဦးလှုပ်ရှားဆောင်ရွက်မှုတစ်ခုဖြစ်သည့်“တွဲလက်ကူညီ”စသည့်ကဲ့သို့သောလှုပ်ရှားမှုများကိုစီစဉ်ဆောင်ရွက်သည်၊အမှန်တကယ်လိုအပ်သည့်နေအိမ်များဆောက်လုပ်ခြင်းနှင့်ပြန်လည်ပြုပြင်ခြင်းနှင့်အဆောင်ဘော်ဒါနေကျောင်းသားများနှင့်CBOs များအတွင်းအားကစားလှုပ်ရှားမှုများကိုစီစဉ်ဆောင်ရွက်ပေးသည်။လူငယ်အသင်းသည်လူထုအသိုင်းအဝိုင်းအတွင်းအားကစားပြိုင်ပွဲများအပါအဝင်ဘောလုံးပြိုင်ပွဲများဖြစ်မြောက်အောင်လည်းစုစည်းဆောင်ရွက်ပေးသည်။ ကျန်းမာရေးကောင်းမွန်စေရန်နှင့်ကောင်းစွာနေထိုင်နိုင်ရေးအတွက်လှုပ်ရှားမှုများကိုထိန်းသိမ်းထားခြင်းသည်မရှိမဖြစ်လိုအပ်သည်ဟုအဖွဲ့ဝင်များကယုံကြည်ကြသည်၊လူထုအကျိုးဖြစ်ထွန်းမည့်လှုပ်ရှားမှုများအတွက်လူငယ်အသင်းမှအကူအညီ(သို့မဟုတ်)အကြံဉာဏ်လိုအပ်လာသောအခါကူညီပံ့ပိုးမှုများရရှိရန်အတွက်၎င်းတို့က COERR ထံချဉ်းကပ်ဆောင်ရွက်သည်။ COERR မှလည်းလူငယ်ကလပ်အသင်းအတွက်ဘဝကျွမ်းကျင်မှုသင်တန်းများကိုပံ့ပိုးကူညီပေးသည်။ထို့ပြင်အဖွဲ့သည်လူငယ်များဖြင့်သာလုံးလုံးလျားလျားလုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ပြီးလူငယ်များအတွက်ဖြစ်သည်။

သန်းထွန်းဦး၏ပြောပြချက်အရလူငယ်အသိုင်းအဝိုင်းအတွင်းလူငယ်ကလပ်အသင်းမှသတိပြုမိပြီးဖြေရှင်းပေးရန်ကြိုးပမ်းသည့်အဓိကအကြောင်းအရာများမှာအရွယ်မရောက်သေးမီအိမ်ထောင်ပြုခြင်းများ၊မူးယစ်ဆေးဝါးနှင့်အရက်သေစာသောက်သုံးခြင်းများနှင့်စခန်းအပြင်ကိုထွက်ခွင့်မရသည့်ဖိအား(စိုးရိမ်)မှုများစသည်တို့ဖြစ်သည်။ပိုမိုကျယ်ပြန့်သောလူထုအသိုင်းအဝိုင်းသည်နောင်ရေးအတွက်စိုးရိမ်ပူပန်မှုများရှိပြီးဒုက္ခသည်အများအပြားအတွက်အနာဂတ်မရေရာမသေချာသည့်ခံစားမှုများရှိနေသည်ကိုသန်းထွန်းဦးသိရှိရသည်။




သန်းထွန်းဦးနှင့်သူ၏ကျောင်းသူကျောင်းသားများ



ထိုသို့ဖြင့်လူငယ်ကလပ်အသင်း၏၂၀၁၆ ခုနှစ်အတွက်ရည်မှန်းချက်ပန်းတိုင်မှာ၎င်းစိုးရိမ်ပူပန်မှုများကိုဖြေရှင်းနိုင်သည့်လှုပ်ရှားမှုများဖြစ်မြောက်အောင်ဆောင်ရွက်ပေးရန်နှင့်နားလည်သဘောပေါက်မှုများရရှိလာစေရန်အတွက်ဖြစ်ပြီးအနာဂတ်အတွက်၎င်းတို့၏ရွေးချယ်မှုများနှင့်ပတ်သတ်၍ဗဟုသုတတိုးလာခဲ့ခြင်းအားဖြင့်လူထု၏သောကများကင်းဝေးသွားစေရန်ကူညီမည်ဖြစ်သည်။အားကစားသည်လူငယ်ကလပ်အသင်းအတွက်ဦးတည်ချက်တစ်ခုဖြစ်သောကြောင့်အားကစားကိုအသုံးပြုခြင်းအားဖြင့်စိုးရိမ်ပူပန်မှုနှင့်သောကများကိုလျော့ချရာတွင်ကူညီပေးနိုင်ပြီးစိတ်ပိုင်းဆိုင်ရာကျန်းမာရေးကောင်းမွန်တိုးတက်လာမည်ဟုထွန်းထွန်းဦးမှလည်းထင်မြင်မိသည်။ထို့ပြင်လူတိုင်းလူတိုင်းအားမူးယစ်ဆေးဝါးနှင့်အရက်သေစာအသုံးပြုဖို့ဖြားယောင်းမှုကိုလွန်ဆန်နိုင်စေရန်အလို့ငှာ၎င်းတို့မှလူငယ်စွမ်းရည်အတွက်ထွက်ပေါက်တစ်ခုဖန်တီးပေးခြင်းလည်းဖြစ်သည်။

“လူငယ်တွေကရုပ်ပိုင်းဆိုင်ရာကျန်းမာမှုရှိကြပေမယ့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကရောဘယ်လိုရှိမလဲ၊သူတို့စိုးရိမ်ပူပန်ကြပါတယ်။(၁၀)တန်းပြီးသွားတဲ့အခါငါတို့ဘာလုပ်ရမလဲလို့သူတို့တွေးကြတယ်(BMN ရှိစာသင်ကျောင်းများတွင်(၁၀)တန်းသည်ပညာရေးတွင်အမြင့်ဆုံးအဆင့်ဖြစ်သည်)။ ပိုမိုကျန်းမာတဲ့လူထုအသိုင်းအဝိုင်းဖြစ်စေဖို့အတွက်လူငယ်ကလပ်အသင်းကအားကစားနဲ့လှုပ်ရှားဆောင်ရွက်မှုတွေနဲ့အတူဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ပါတယ်။ဒါဟာစိုးရိမ်ပူပန်မှုတွေနဲ့သောကတွေကိုလျော့ချပေးနိုင်လို့ပါပဲ။”

ယခုလက်ရှိနှင့်အနာဂတ်နှစ်ခုစလုံးအတွက်လူထုထံသို့ဖြန့်ဖြူးပေးရန်ကြိုးပမ်းနေသည့် BMN စခန်းရှိလူငယ်များ၏စွမ်းရည်နှင့်တက်ကြွမှုကိုသန်းထွန်းဦးကဥပမာပေးပြောပြသည်။သန်းထွန်းဦးသည်(၁၀)တန်းပြီးဆုံးပြီဖြစ်ပြီးလွန်ခဲ့သော(၂)နှစ်ဝန်းကျင်ကပင်သိပ္ပံနှင့်အင်္ဂလိပ်စာကိုစတင်သင်ကြားပေးခဲ့သည်။ သူ၏ရည်မှန်းချက်မှာပညာဆက်လက်သင်ကြားရန်၊ မြန်မာနိုင်ငံသို့ပြန်လည်အခြေချရန်နှင့်ကယားပြည်နယ်၌ပညာရေးတွင်အခန်းကဏ္ဍတစ်ခုရရှိရန်ရည်မှန်းထားသည်။ကယားပြည်နယ်နှင့်ထိုင်းနိုင်ငံတို့၌ပညာရေးတွင်ခြားနားချက်များရှိသည်ကိုမခြွင်းမချန်နားလည်သဘောပေါက်ခြင်းအားဖြင့်ကယားပြည်နယ်၌ရရှိထားသောပညာရေးကိုတိုးတက်ကောင်းမွန်စေရန်အတွက်ခိုင်မာတောင့်တင်းသောစနစ်ယူဆောင်သွားနိုင်ရန်သူကြိုးစားနေသည်။ BMN တွင်နေထိုင်သည့်တိုင်အောင်လူငယ်ကလပ်အသင်းနှင့်အတူပိုမိုများပြားသောလှုပ်ရှားမှုများကိုဦးဆောင်နိုင်ရန်နှင့်လူငယ်များနှင့်ဆက်နွယ်နေသည့်ကာကွယ်စောင့်ရှောက်ရေးပိုင်းဆိုင်ရာများကိုကိုင်တွယ်ဖြေရှင်းရန်အတွက်  UNHCR လုပ်ဖော်ကိုင်ဖက်များနှင့်အတူတကွလုပ်ကိုင်ဆောင်ရွက်နိုင်ရန်မျှော်လင့်လျှက်ရှိသည်။

“ကျွန်တော်မြန်မာနိုင်ငံကိုပြန်လည်အခြေချတဲ့အခါကိုယ့်တိုင်းပြည်မှာတစ်မ်းတစ်ယောက်လိုမျိုးကျွန်တော်ခံစားရမယ်ထင်တယ်။ဒါပေမယ့်လည်းဒါကအကြောင်းမဟုတ်ပါဘူး။ ဒီဘက်နဲ့ဟိုဘက်ပညာရေးနဲ့ပတ်သတ်လို့ကွာခြားမှုတွေကိုကျွန်တော်အများအပြားသင်ယူလေ့လာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာပညာရေးစနစ်တွေတိုးတက်ကောင်းမွန်စေဖို့အတွက်ဒီကဗဟုသုတတွေကိုကျွန်တော်အသုံးချချင်ပါတယ်။”

# ရှေ့သို့ဆက်လက်ဆောင်ရွက်လျက်!




Jane Williamson
UNHCR ကာကွယ်ရေးအရာရှိ ၊
ကွင်းဆင်းဆောင်ရွက်မှုရုံးအကြီးအကဲ၊
မဲ့စရီးယန်း၊ထိုင်းနိုင်ငံ

အကွေ့အကောက်တွေ၊ မြူနှင်းတွေဖုံးလွှမ်းနေတဲ့မဲ့ရမတ်လွှမ်စခန်းကိုသွားတဲ့ကျွန်မရဲ့နောက်ဆုံးအကြိမ်ခရီးကိုပြန်လည်တွေးတောဖို့ခက်ပါတယ်။အားလုံးကိုဘယ်လိုခြုံငုံပြီးပြောပြရမှန်းတောင်မသိပါဘူး။ ဒီနယ်စပ်ကကျွန်မအတွက်တော့ကိုယ့်ကိုကိုယ်ဘယ်လိုမှကျေနပ်အားရမှုမရှိနိုင်တဲ့နေရာတစ်ခုပါ--- ဒုက္ခသည်တွေကစနစ်တကျရှိကြတယ်၊ပြီးတော့သူတို့ဘာလုပ်နေတယ်ဆိုတာသူတို့သိကြပါတယ်။၂၀၁၃ခုနှစ်မှာမဲ့ရမတ်လွှမ်စခန်းကော်မတီကမိုးရာသီမှာစားနပ်ရိက္ခာကုန်တင်ကားကြီးတွေဖြတ်သန်းခွင့်ရဖို့အတွက်တောင့်တင်းခိုင်မာမှုရှိရမယ့်တံတားတစ်စင်းဆောက်လုပ်ဖို့အဆိုပြုလာခဲ့ပါတယ်။သူတို့ကတံတားဆောက်လုပ်ဖို့အတွက်ဒီဇိုင်းပုံစံထုတ်တယ်၊အစီအစဉ်ရေးဆွဲတယ်၊ ငွေကြေးရန်ပုံငွေတွေစိုက်ထူခဲ့ပါတယ်။လနည်းငယ်အတွင်းမှာပဲတံတားဆောက်လုပ်ပြီးစီးခဲ့ပါတယ်။လှပ၊ခိုင်ခံ့ပြီးလက်တွေ့အသုံးကျတဲ့ဒီတံတားကြောင့်မိုးရာသီမှာအစားအစာကုန်တင်ကားတွေအခြားစခန်းကိုသွားဖို့အတွက်သွားလာစီးဆင်းမှုပိတ်နေတော့မှာမဟုတ်ပါဘူး။

မဲ့ရမတ်လွှမ်နဲ့မယ်လအူးစခန်းနှစ်ခုစလုံးမှာရှိတဲ့စခန်းခေါင်းဆောင်တွေနဲ့ရပ်ကွက်ခေါင်းဆောင်တွေဟာမိမိကိုယ်တိုင်ရပ်တည်နိုင်စွမ်းနည်းတဲ့သူတွေကိုကူညီပေးဖို့အတွက်မမောနိုင်မပန်းနိုင်လုပ်ကိုင်နေကြတာကိုကျွန်မတွေ့မြင်ခဲ့ရပါတယ်။ လူထုနဲ့မကျန်းမမာဖြစ်နေတဲ့သူတွေကိုကာကွယ်စောင့်ရှောက်ဖို့စိတ်ပိုင်းဖြတ်ထားတဲ့ခေါင်းဆောင်တွေကစိတ်ပိုင်းဆိုင်ရာစိုးရိမ်ဖွယ်မကျန်းမမာဖြစ်နေတဲ့ဒုက္ခသည်တွေနဲ့စိတ်ပိုင်းဆိုင်ရာမကျန်းမာမှုအရအကြမ်းဖက်အပြုအမူရှိတဲ့ဒုက္ခသည်တွေကိုလေးလေးစားစားနဲ့စောင့်ရှောက်နေတဲ့သာဓကအချို့ ကိုကျွန်မမြင်တွေ့ခဲ့ပါတယ်။
မိမိကိုယ်တိုင်ရပ်တည်နိုင်စွမ်းမရှိတဲ့သူတွေကိုစခန်းထဲမှာရှိတဲ့သူတို့ရဲ့အိမ်နီးနားချင်းတွေ၊ရပ်ကွက်လူကြီးတွေနဲလူထုအဖွဲ့အစည်းတွေကစောင့်ရှောက်ပေးနေတာကိုကျွန်မကြိမ်ဖန်များစွာတွေ့မြင်ခဲ့ပါတယ်။

ဒီလိုမျိုးမြင်တွေ့ရတဲ့အတွက်ကျွန်မအလွန်ပဲဝမ်းမြောက်မိပါတယ်၊စနစ်တကျရှိပြီးလူထုကိုစောင့်ရှောက်တဲ့ဒီလိုဝမ်းမြောက်ဖွယ်ရာသာဓကတွေကိုအခြားဒုက္ခသည်တွေဆီကိုဆောင်ယူသွားဖို့အတွက်အလွန်ကိုပဲဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ဒါဟာသူတို့အနာဂတ်အတွက်သူတို့ဘယ်နေရာမှာပဲနေနေအဆင်ပြေ ကောင်းမွန်လိမ့်မယ်လို့ကျွန်မထင်ပါတယ်။

လှပနစ်သက်ဖွယ်ကောင်းတဲ့မဲ့စရီးယန်းမှာသုံးနှစ်ကြာနေထိုင်ပြီးတဲ့နောက်တောင်ကိုရီးယားကဆိုးလ်မြို့ကိုကျွန်မပြောင်းရွှေ့ရပါတော့မယ်။ဒါဟာကျွန်မအတွက်မြို့ကြီးပြကြီးမှာပထမဦးဆုံးအကြိမ်နေထိုင်ရမယ့်အချိန်ပါပဲ၊အေးမြလှတဲ့နိုင်ငံမှာပထမဦးဆုံးအကြိမ်နေထိုင်ရမယ့်အချိန်လည်းဖြစ်သလိုညှပ်ဖိနပ်ကိုပထမဦးဆုံးအကြိမ်မစီးရတော့မယ့်အချိန်လည်းဖြစ်ပါလိမ့်မယ်။ကျွန်မလုပ်ဆောင်ရမယ့်ကနဦးတာဝန်တွေထဲကတစ်ခုကတော့ဆိုးလ်မြို့မှာရှိတဲ့အသစ်စက်စက်ပြန်လည်နေရာချထားတဲ့ကရင်ဒုက္ခသည်(၂၂)ဦးဆီသွားရောက်လည်ပတ်ဖို့ပါပဲ။ဂရုတစိုက်နဲ့ထုတ်ပိုးထားတဲ့အကြိုက်ဆုံးကရင်အစားအစာတွေကိုကျွန်မယူဆောင်သွားမှာပါ-ငရုပ်သီး၊လက်ဖက်သုတ်....နဲ့ငါးပိရည်တောင်ပါကောင်းပါနိုင်ပါတယ်!!!။

# တတိယနိုင်ငံသို့ပြန်လည်အခြေချနေထိုင်ခြင်းစာရင်းဇယား

## ဇန်နဝါရီလ(၃၁)ရက် ၊၂၀၁၆ ခုနှစ်အရ

### ၁၀၀,၇၈၃ တစ်ဦးချင်းထွက်ခွာခြင်း





**Information Management Unit**
**Thailand Operation**

UNHCR Field Office Mae Sot
34/5 Mae Sot-Mae Tao Rd.,
Mae Sot District, Tak
63110 THAILAND

**Contact**: imumaesot@unhcr.org

**UNHCR Thailand**

3rd Fl., United Nations Building
Rajadamnern Nok Ave.,
Bangkok 10200 THAILAND

**UNHCR Hpa-An, Myanmar**

UNHCR Field Office Hpa-An
Bogyoke, Road, Ward 9,
Hpa-An, Kayin State, MYANMAR


**Visit us at**

www.commonservice.info

Find us on: facebook

www.facebook.com/commonservice
www.facebook.com/commonservicekaren
www.facebook.com/commonserviceburmese


**Disclaimer**: The content of the UNHCR Thailand-Myanmar Cross Border Bulletin does not reflect the official view or opinion of the UNHCR.